၁၀ အတက်ကျသည့်အချိန်အထိ လူနာ၏အနား တွင်သာ နေပါ။ လူနာအား အနားယူစေပါ။



၁၁ လူနာသည် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ခု ရရှိခဲ့ပါက စနစ်တကျ ဆေးထည့်ပြီး ပတ်တီး စည်းပေးပါ။





**အတက်ရောဂါ ကာကွယ်ကုသဖို့ မျှော်မှန်းချက်ထားလို့ ကြိုးပမ်းစို့**

# ရောဂါလက္ခဏာများ



- သတိမေ့မြောကာ တက်သွားခြင်း၊
- ကိုယ်ခန္ဓာတစ်ခုလုံး (သို့)တစ်ခြမ်း အကြောဆွဲခြင်း၊
- ပါးစပ်မှ အမြှုပ်တစ်စီစီထွက်ခြင်း၊
- ဆီး၊ ဝမ်း မထိမ်းနိုင်ခြင်း၊
- မျက်လုံးသည် အများအားဖြင့် ပွင့်နေပြီး တစ်ဖက်သို့ စွေစောင်းကာ အဝေးသို့ ကြည့်သကဲ့သို့ ရှိနေခြင်း၊

Myanmar Epilepsy Initiative
HOPE FOR EPILEPSY

# သင်သိထားစရာ အတက်ရောဂါ

တက်ခြင်းဆိုသည်မှာ ဦးနှောက်အတွင်းရှိ လျှပ်စစ်စီးကြောင်းများ ရုတ်တရက် မူမမှန် ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ် တစ်ခုလုံး တောင့်တင်းကာ တုန်၍ သတိလစ်သွားခြင်း ဖြစ်ပါသည်။

**၂၄ နာရီခြား၍ အနည်းဆုံး (၂) ကြိမ်နှင့် အထက် တက်လျှင် အတက်ရောဂါဟု ခေါ်ပါသည်။**



အတက်ရောဂါသည် စိတ်ရောဂါမဟုတ်ပါ။ ဦးနှောက်နှင့် သက်ဆိုင်သော ရောဂါတစ်မျိုးသာ ဖြစ်ပါသည်။

**မြန်မာနိုင်ငံ အတက်ရောဂါ စီမံချက်**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
December, 2017

World Health Organization

# တက်နေသော လူနာအား
# အရေးပေါ် ပြုစုကုသခြင်း


၁ အထိတ်တလန့် မဖြစ်ပါစေနှင့်။



၂ လူနာအား အန္တရာယ် မကျရောက်နိုင် သည့် နေရာတွင် လဲလျောင်းထားပါ။



၃ လူနာအတွက် အန္တရာယ် ဖြစ်စေနိုင်သည့် အရာမှန်သမျှ ဖယ်ရှားပစ်ပါ။



၄ အဝတ်စခေါက်တစ်ခုကို လူနာ၏ ဦးခေါင်းအောက်တွင် ထားပေးပါ။



၅ အဝတ်အစားများ တင်းကြပ်နေပါက ဖြေလျှော့ပေးပါ။



၆ တက်နေသော လူနာအား ချုပ်မထားပါနှင့်။



၇ လူနာ၏ ပါးစပ်ထဲသို့ မည်သည့်အရာမျှ မထည့်ပါနှင့်။



၈ အတက်ကြာမြင့်သည့် အချိန်ကို မှတ်သားထားပါ။



၉ သက်တောင့်သက်သာ အနေအထားဖြင့် အဆင်ပြေရာဘက်သို့ ဘေးစောင်း အနေအထား လှည့်ပေးပါ။

